***နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ***

# အပိုင်း ၆ ၊ အခန်း ၁၄ – သက်သေခံအထောက်အထားနှင့် သတင်းအချက်အလက်များကို သရုပ်ခွဲလေ့လာခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ** -

သင်တန်းအပြီးတွင် သင်တန်းသားများသည် အောက်ပါတို့ကိုလုပ်ဆောင်နိုင်ရမည် -

- အခြေခံသရုပ်ခွဲလေ့လာခြင်းဆိုင်ရာကျွမ်းကျင်မှုများကိုနားလည်ခြင်း – သက်သေခံအထောက်အထား များ ကို မည်သို့ စုစည်း၊ အကဲဖြတ် အားကောင်းစေမည်
- မှတ်တမ်းတင်ခြင်းဆိုင်ရာမဟာဗျူဟာကို အချက်အလက်ပေးရန်အတွက် သတင်းအချက်အလက်တွင် ကွာဟမှုများကိုဖေါ်ထုတ်ရန်
- ချိုးဖောက်မှုပုံစံများကို သတိပြုမိစေရန်နှင့် ဖေါ်ထုတ်ရန်

| | |
|---|---|
| **အကြံပြုထားသည့်သင်တန်းကြာချိန် -** | ၆၀ မိနစ် မှ ၉၀ မိနစ် |
| **လေ့ကျင့်ခန်း** | မပါပါ |

**နိုင်ငံတကာလုပ်ထုံးလုပ်နည်း၏ ဆီလျော်သက်ဆိုင်သောအပိုင်းများ**

စာမျက်နှာ ၂၁၀-၂၂၉ အခန်း ၄ – တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန်၊ အခန်း ၅ – နိုင်ငံတော်၏တာဝန်၊ အခန်း ၇ – မထိခိုက်စေပါနှင့် Do No Harm ၊ အခန်း ၉ – စီစဉ်ခြင်း၊ အခန်း ၁၀ – လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သက်သေခံ အထောက်အထားအမျိုးအစားများ၊ အခန်း ၁၁ – တွေ့ဆုံမေးမြန်းခြင်း၊ အခန်း ၁၂ – အပိုဆောင်း/ နောက်တိုးသတင်းအချက်အလက်များစုဆောင်းခြင်း၊ အခန်း ၁၃ – သတင်းအချက်အလက်များကို သိုလှောင် သိမ်းဆည်းခြင်း နှင့် ကိုင်တွယ်ခြင်း၊ အခန်း ၁၅ – စိတ်ဒဏ်ရာ၊ အခန်း ၁၆ – ကလေးသူငယ်များ အပေါ်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ နောက်ဆက်တွဲ ၁ – သက်သေခံအထောက်အထားမှတ်တမ်း လက်စွဲစာအုပ် Evidence Workbook

ဤအခန်းအတွက် သင်တန်းဆရာသည် စုံစမ်းစစ်ဆေးမှုတခု သို့မဟုတ် မှတ်တမ်းတင်ခြင်းလုပ်ငန်းတွင် သက်သေများနှင့် သက်သေခံအထောက်အထားများကို ကိုင်တွယ်သည့် ပညာရှင်အဆင့်အတွေ့အကြုံ ရှိရမည်ဖြစ်ပြီး၊ သတင်းအချက်အလက်စီမံခန့်ခွဲခြင်းနှင့် သရုပ်ခွဲလေ့လာခြင်းတို့တွင် အထူးကျွမ်းကျင်မှုရှိရမည်။

ဤအခန်း နှင့် ၄င်းကိုအခြေခံထားသောအခန်းတို့မှ သရုပ်ခွဲလေ့လာခြင်းအပေါ် အခြေခံခြုံငုံသုံးသပ်ချက်ကို တင်ပြထားသည်။ သင်တန်း၏အသေးစိတ်အချက်အလက်များအပေါ်မူတည်ပြီး၊ သရုပ်ခွဲလေ့လာခြင်းအပေါ် နက်နက်ရှိုင်းရှိုင်း ပြီးပြည့်စုံစွာ ခြုံငုံမိစေရန်အတွက် အကြောင်းအရာကို ဖြည့်စွက်တင်ပြထားသည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ဤ အခန်း သည် Evidence Workbook တွင်ထပ်မံဖေါ်ထုတ်ထားသော နိုင်ငံတကာရာဇဝတ်မှုများ သို့မဟုတ် ချိုးဖောက်မှုများ၏ ဥပဒေပိုင်းဆိုင်ရာအစိတ်အပိုင်းများကို ဖေါ်ထုတ်ရန်အတွက် အခန်း ၄ (တဦးချင်းအလိုက် ပြစ်မှုဆိုင်ရာတာဝန်) နှင့် အခန်း ၅ (နိုင်ငံတော်၏တာဝန်) တို့တွင် တင်ပြခဲ့သော နည်းစနစ် အပေါ်တွင် အခြေခံထားသည်။ ၄င်းသည် ဘေးမဖြစ်စေရေး၊ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ နှင့် အခြား စီစဉ်ပြင်ဆင်ခြင်းဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ နှင့် သတင်းအချက်အလက်များကို စီစဉ်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း နှင့် ကိုင်တွယ်ခြင်း ကဲ့သို့ ယခင်ပြီးခဲ့သော အခန်း များတွင် ဆွေးနွေးခဲ့သော အကြောင်းအရာအများအပြားကို ပေါင်းစည်းထားသည်။ ဤ အခန်း သည် မှတ်တမ်းတင်ခြင်းအစီအစဉ်တွင် သက်သေတဦး၏ သက်ရောက်မှု နှင့် အရေးပါမှုတို့ကို အကဲဖြတ်သည့် PEACE မူဘောင်၏ နောက်ဆုံးအဆင့်ဖြစ်သည့် အခန်း ၁၁ (တွေ့ဆုံမေးမြန်းခြင်း) နှင့် သက်သေ၏ မှတ်ဉာဏ် နှင့် ထွက်ဆိုမှု အပေါ်တွင် စိတ်ဒဏ်ရာ၏ အကျိုးဆက်များကို ကိုင်တွယ်သည့် အခန်း ၁၅ (စိတ်ဒဏ်ရာ) တို့နှင့် လည်း နီးကပ်စွာ ဆက်စပ်နေသည်။

အဆင့်မြင့်သက်သေခံအထောက်အထားသရုပ်ခွဲလေ့လာခြင်းသည် လုပ်ထုံးလုပ်နည်း တွင်ပါဝင်သည့် လမ်းညွှန်ချက်၏အတိုင်းအတာကို ကျော်လွန်နေသည့် အထူးကျွမ်းကျင်သူအဆင့်ဖြစ်ပြီး၊ CARSV သတင်းအချက်အလက်ကိုစုဆောင်းသည့် မည်သူမဆိုသည် အခြေခံသက်သေခံအထောက်အထား သရုပ်ခွဲလေ့လာခြင်းဆိုင်ရာကျွမ်းကျင်မှုကို နားလည်သဘောပေါက်ပြီး အသုံးချနိုင်ရမည်ဖြစ်ပြီး၊ စုဆောင်းရရှိသည့် သတင်းအချက်အလက်ကို မည်သို့ စီစဉ်၊ အကဲဖြတ်၊ အားကောင်းစေရမည်ကို သိသည့်အနေအထားတွင်ရှိရမည်။ ၄င်းသည် သက်သေထွက်ဆိုချက်၏ခိုင်မာမှု နှင့် အခြား သက်သေခံအထောက်အထား၏ ယုံကြည်စိတ်ချရမှုတို့ကို သင့်လျော်စွာအကဲဖြတ်ရန်၊ အထောက်အထား ဆိုင်ရာကွာဟမှုများကို ဖေါ်ထုတ်ရန်နှင့် ၄င်းတို့ကိုအလိုအပ်ဆုံးသောနေရာများတွင် မှတ်တမ်းတင်ခြင်းဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ဦးတည်ရာပြောင်းပေးရန်အတွက် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုတခုဖြစ်သည်။ သက်သေ၏ထွက်ဆိုမှု၏အရေးပါမှု ထည့်သွင်းစဉ်းစားလျက် - သက်သေတဦးသည် တချိန်တည်းတွင် စိတ်ဒဏ်ရာရနေပြီး၊ ယုံကြည်ရသောသူ ဖြစ်နိုင်သည်ကို ထည့်သွင်းစဉ်းစားလျက် - စုဆောင်းပြီး သတင်းအချက်အလက်သည် လုံလောက်စွာအားကောင်းနေသောအခါတွင် သက်သေများကို မလိုအပ်သော တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခြင်းဖြင့် ဘေးဖြစ်စေခြင်း ကို ရှောင်ရှားရန်လည်း အရေးကြီးပါသည်။

သင်တန်းဆရာအနေဖြင့် သင်တန်းသားများအား နည်းလမ်းများ၊ အဆင့်များ နှင့် ဖြစ်နိုင်သော နည်းများကို ဆွေးနွေးရန် တိုက်တွန်းသင့်သည် - ၄င်းတို့တွင် အဆင့်မြင့်နည်းပညာများကို လက်လှမ်းမီခြင်းရှိမရှိ သို့မဟုတ် အခြေခံနည်းစနစ်များအပေါ် အားထားနေရသည် - ၄င်းတို့ သို့မဟုတ် ၄င်းတို့၏အဖွဲ့အစည်းမှ သက်သေခံအထောက်အထားနှင့် စုဆောင်းရရှိသော သတင်းအချက်အလက်များကို သရုပ်ခွဲလေ့လာရာတွင် အသုံးပြုသည့် သို့မဟုတ် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တလျှောက်တွင် သတင်းအချက်အလက်ကို သင့်လျော်စွာ လက်လှမ်းမီမှုမရှိခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များ။ ဤခေါင်းစဉ်နှင့်ပတ်သက်ပြီး

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

၎င်းတို့တွင် အတွေ့အကြုံမရှိဟု ခံစားရသောသူများသည် ၎င်းတို့ဘာသာမသိရှိပဲ ၎င်းတို့၏ အလုပ်တွင် အခြေခံ အကဲဖြတ်ခြင်း နှင့် သရုပ်ခွဲလေ့လာခြင်းများကို အသုံးပြုနေပြီးဖြစ်နိုင်သည်။ သင်မှ သက်သေတဦးအား ထူးဆန်းနေသည်ဟုထင်ရသော သို့မဟုတ် သူ/ သူမ၏ ဇာတ်လမ်း၏ အခြားအစိတ်အပိုင်းများနှင့် မကိုက်ညီသည့် အချက်တချက်ကို ရှင်းလင်းရန် မေးမြန်းချိန်တွင် သို့မဟုတ် သင့်အားပေးအပ်သော စာရွက်စာတမ်း သို့မဟုတ် ဗီဒီယိုတခုသည် ယုံကြည်ရခက်နေသည် ဟု စိတ်ကခံစားနေရလျှင် သင်သည် သင်၏ မွေးရာပါ သရုပ်ခွဲလေ့လာခြင်းဆိုင်ရာ ကျွမ်းကျင်မှုကို အသုံးပြုနေခြင်းဖြစ်သည်။ သင်သည် ထိုကျွမ်းကျင်မှုများ ကို စနစ်တကျပိုအသုံးပြုလာလေ၊ သင်၏သက်သေခံအထောက်အထားသည် ပို၍ အားကောင်းလာလေ ဖြစ်သည်။ သို့သော်၊ ထိုကိစ္စများကို ကျွန်ုပ်တို့၏ ကိုယ်ပိုင် ယဉ်ကျေးမှု သို့မဟုတ် ဘုံအမြင်များဖြင့် မြင်ခြင်းသည် ခိုင်မာမှုကို မှားယွင်းစွာ သရုပ်ခွဲခြင်းသို့ ဦးတည်စေနိုင်သည့် အန္တရာယ် ရှိပြီး၊ ဤ အန္တရာယ် အား ဌာန/အဖွဲ့အစည်းတွင်း လုပ်ထုံးလုပ်နည်းများမှတဆင့် လျော့ချနိုင်သည်။

အခန်း ၏ ပထမအပိုင်း (slides ၃-၆) သည် သတင်းအချက်အလက်ကိုပုံမှန် အကဲဖြတ်ရန် နှင့် သရုပ်ခွဲလေ့လာရန်သည် မည်သည့်အတွက်ကြောင့် အရေးကြီးကြောင်း လွှမ်းခြုံထားပြီး၊ အဓိကအဆင့် ၄ ခု ပါဝင်သော အခြေခံမူဘောင်တခုကိုပေးထားသည် - (၁) သတင်းအချက်အလက်ကိုအကဲဖြတ်ခြင်း၊ (၂) အစိတ်အပိုင်း/အင်္ဂါရပ်များကိုဖေါ်ထုတ်ခြင်း၊ (၃) သတင်းအချက်အလက် ကို အားကောင်းစေခြင်း နှင့် (၄) ပုံစံများကိုဖေါ်ထုတ်ခြင်း။ သင်တန်းဆရာအနေဖြင့် သတင်းအချက်အလက်ကိုစုဆောင်းခြင်း နှင့် သရုပ်ခွဲလေ့လာခြင်းလုပ်ငန်းစဉ်သည် ယေဘူယျအားဖြင့် တစ်သဝေမတိမ်းအစီအစဉ်တကျမဟုတ်ပဲ စက်ဝိုင်းပုံစံအချို့ဖြင့် တပြိုင်တည်းဖြစ်ပေါ်နေကြောင်းကို အလေးပေးသင့်သည်။ လုပ်ဆောင်ဆဲ စုဆောင်းရရှိသော သတင်းအချက်အလက် ကို အကဲဖြတ်ခြင်း နှင့် အထောက်အထားဆိုင်ရာကွာဟမှုများကို သရုပ်ခွဲလေ့လာခြင်းသည် ထပ်မံသရုပ်ခွဲလေ့လာမှုလိုအပ်သော အပိုဆောင်းသတင်းအချက်အလက် စုဆောင်းမှုသို့ ဦးတည်စေနိုင်သည်။ သတင်းအချက်အလက် ကို အကဲဖြတ်ခြင်း သည် အလွန်အခြေခံကျသော အဆင့်တွင် တနည်းတဖုံ ဖြစ်ပေါ်နေနိုင်သည်၊ သို့သော် နည်းလမ်းများ နှင့် နည်းစနစ်များသည် ဖြစ်နိုင်သော အကောင်းဆုံး သက်သေခံအထောက်အထားကိုရရှိရန်အတွက် တည်ဆောက်ရန် အထောက်အကူပေးနိုင် သည်။

၎င်းနောက်၊ အခန်းကို အဆင့် ၄ ဆင့် ကို လွှမ်းခြုံသည့် အပိုင်း ၄ ပိုင်းသို့ခွဲထားသည် - A) အဆင့် ၁ - သတင်းအချက်အလက်ကိုအကဲဖြတ်ခြင်း (slides ၇-၁၄)၊ ၎င်းသည် သက်သေထွက်ဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားကို အကဲဖြတ်ခြင်း (slides ၈-၁၂) နှင့် စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သက်သေခံအထောက်အထားကို အကဲဖြတ်ခြင်း (slides ၁၃-၁၄) ဟူ၍ ကွဲသွားသည်၊ B) အဆင့် ၂ - အစိတ်အပိုင်း/အင်္ဂါရပ်များကိုဖေါ်ထုတ်ခြင်း (slides ၁၅-၁၆)၊ C) အဆင့် ၃ - သတင်းအချက်အလက် ကို အားကောင်းစေခြင်း (slides ၁၇-၂၀) နှင့် D) အဆင့် ၄ - ပုံစံများကို ဖေါ်ထုတ်ခြင်း (slides ၂၁-၂၈)။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

သတင်းအချက်အလက်ကိုအကဲဖြတ်ခြင်း သည် အရင်းအမြစ်၏ခိုင်မာမှု နှင့် သတင်းအချက်အလက် ၏ တရားဝင်မှု တို့ကို အကဲဖြတ်ရန်အတွက် ထင်ရှားသော မေးခွန်း ၂ခုကို ဖြေဆိုခြင်း ဖြစ်သည်ဟု သွယ်ဝိုက်ညွှန်းဆိုသည် - (၁) အရင်းအမြစ်သည် ယုံကြည်စိတ်ချရသလား (*ခိုင်မာမှု*/ယုံကြည်ထိုက်မှု *credibility*) နှင့် (၂) သတင်းအချက်အလက်သည် အမှန်တရားကို မှန်ကန်စွာ ထင်ဟပ်သလား (*တရားဝင်မှု validity*)? သင်တန်းဆရာအနေဖြင့် ခိုင်မာသောအရင်းအမြစ်တခုနှင့် ယုံကြည်စိတ်ချရသောသတင်းအချက်အလက်ကို အလိုအလျောက် ဆက်စပ်ခြင်း နှင့်အပြန်အလှန် ကိုရှောင်ရှားရန်အတွက် အရင်းအမြစ်၏ခိုင်မာမှု နှင့် သတင်းအချက်အလက်၏ ယုံကြည်စိတ်ချရမှုတို့ကို အကဲဖြတ်ရန်အရေးကြီးကြောင်း အလေးပေးသင့်သည်။ သင်တန်းဆရာမှ သင်တန်းသားများအား အရင်းအမြစ်သည် ခိုင်မာနိုင်သော်လည်း သတင်းအချက်အလက် သည်မမှန်ကန် သို့မဟုတ် ထိုအခြေအနေနှင့်ပြောင်းပြန်ဖြစ်သော အစစ်အမှန် သို့မဟုတ် စိတ်ကူးသက်သက်ဖြစ်သော ဥပမာများကို ဆွေးနွေးစေသင့်သည်။ သင်တန်းဆရာအနေဖြင့် CARSV ကို မှတ်တမ်းတင်ခြင်း သည် သက်သေထွက်ဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထားကို အဓိက အကဲဖြတ်ခြင်းဖြစ်ကြောင်း သင်တန်းသားများကို အလေးပေးပြောကြားသင့်သည် - သက်သေ၏ခိုင်မာမှု ကိုအကဲဖြတ်ခြင်း နှင့် သက်သေထွက်ဆိုချက်အတွင်း သို့မဟုတ် သက်သေထွက်ဆိုချက်နှင့် အခြားသက်သေခံ အထောက်အထားများ အကြား ဖြစ်နိုင်ခြေရှိသော ရှေ့နောက်ကွဲလွဲမှုများကို ရှင်းပြရန်ကြိုးစားခြင်းဖြစ်သည်။ စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သက်သေခံအထောက်အထားကို သင့်လျော်စွာ အကဲဖြတ်ခြင်းကို များသောအားဖြင့် မှုခင်းဆေးပညာဆိုင်ရာကျွမ်းကျင်သူများ သို့မဟုတ် အခြား လေ့ကျင့်ထားသောပညာရှင်များမှာ လုပ်ဆောင်ခြင်းဖြစ်ပြီး၊ လုပ်ထုံးလုပ်နည်း ၏ အတိုင်းအတာ ထက် ကျော်လွန်သည်။ ဤနေရာတွင် သင်တန်းဆရာမှ သင်တန်းသားများကို ၄င်းတို့၏ အကဲဖြတ်ချက် မှတ်စုများ သည် အလုပ်မှတ်တမ်းဖြစ်ပြီး ဖွင့်ဟပြောဆိုနိုင်သောအရာမဟုတ်ကြောင်း သတ်မှတ်ထားသည်ကို သေချာ စေရန်အတွက် သက်သေခံအထောက်အထားနှင့် သီးခြားခွဲထားရန် မရှိမဖြစ်လိုအပ်ကြောင်း သတိပေးသင့်သည်။

သင်တန်းဆရာအနေဖြင့် သင်တန်းသားများကို သက်သေတဦး၏ခိုင်မာမှုအား အကဲဖြတ်ရန်အတွက် ဆီလျော်နိုင်သော အချက်များ နှင့် စံနှုန်းထားများကို စဉ်းစားခိုင်းရမည် (ဥပမာ - မည်သူကထွက်ဆိုချက်ပေးခဲ့ပြီး၊ နိုင်ငံရေး၊ လူမှုရေး သို့မဟုတ် အခြားအုပ်စုတခုခုနှင့် ၄င်းတို့၏ ပတ်သက်ဆက်နွယ်မှု၊ ၄င်းတို့၏သက်သေထွက်ဆိုမှုစွမ်းရည်သည် မည်သို့ရှိသည်၊ ၄င်းတို့၏ စေ့ဆော်မှုများသည်မည်သည်တို့ဖြစ်ပြီး၊ သီးခြားဇာတ်ကြောင်းတခုကို ၄င်းတို့မှ ပုံဖော်စေသည့် ကိုယ်ကျိုးမျှော်လင့်ချက်တခုခု၊ သက်သေကိုမည်သို့ နှင့် မည်သူကဖေါ်ထုတ်ခဲ့သည်)။ ဥပမာ - I-DOC database (Case Matrix Network CMN မှဖေါ်ထုတ်သည်) မှ သက်သေထွက်ဆိုချက်ဆိုင်ရာ သက်သေခံအထောက်အထား၏ခိုင်မာမှုကို အမျိုးအစားခွဲခြားခြင်း နှင့် အကဲဖြတ်ခြင်းတွင် လက်တွေ့ကျင့်သုံးနေသူများကို အထောက်အကူပြုနိုင်သော စံသတ်မှတ်ချက် စာရင်းတခုကို ဖေါ်ထုတ်ထားသည်။ သင်တန်းဆရာအနေဖြင့် ၄င်းတို့၏ကိုယ်ပိုင်ယူဆချက်များ၊ စိတ်သဘောထားများ နှင့်

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ယဉ်ကျေးမှုအမြင် အပေါ် အခြေခံပြီး၊ သက်သေများ၏ခိုင်မှာမှုကို မဆုံးဖြတ်စေရန် သေချာစေရေးအတွက် သင်တန်းသားများကို ထပ်လောင်း သတိပေးရမည်။

သတင်းအချက်အလက်၏ *တရားဝင်မှု* နှင့် မှန်ကန်မှု ကို အကဲဖြတ်ရာတွင်၊ ပေးရမည့် အဓိကသတိပေးစကားမှာ ရှေ့နောက်ကွဲလွဲမှုများ နှင့် ဝိရောဓိဖြစ်မှုများသည် အလွန်ဖြစ်နေကျဖြစ်သည် ဆိုသည့်အချက်ပင်ဖြစ်သည်။ ရှေ့နောက်ကွဲလွဲမှုများ နှင့် ဝိရောဓိဖြစ်မှုများမှ သက်သေသည် လိမ်နေသည် သို့မဟုတ် မရိုးသားဟု သို့မဟုတ် သတင်းအချက်အလက် သည် မယုံကြည်ရဟု သေချာပေါက် မဆိုလို(မကြာခဏမဆိုလို)ပါ။

အရေးကြီးသည့်အချက်မှာ လက်တွေ့ကျင့်သုံးသူများသည် တွေ့ဆုံမေးမြန်းမှုတခုအတွင်း ရှေ့နောက်မညီမှုတခု ကိုသတိပြုမိသောအခါ ပွင့်လင်းသောစိတ်ထားပြီး၊ PEACE တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာလုပ်ငန်းစဉ်၏ ရှင်းလင်းခြင်းအဆင့်တွင် ၎င်းကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သည်။ လက်တွေ့ကျင့်သုံးသူများသည် တွေ့ဆုံမေးမြန်းမှုများအပြီးတွင် သက်သေ၏အဆိုများတွင် ရှေ့နောက်မညီမှုများကို သတိပြုမိပါက၊ သက်သေများသည် တရားဝင်သောဖြေရှင်းချက်တခု သို့မဟုတ် ၎င်းတို့၏အဆိုများကို ပံ့ပိုးပေးနိုင်သော အခြား သတင်းအချက်အလက်များကို ပေးနိုင်ရာ၊ ၎င်းတို့အနေဖြင့် ဖြစ်နိုင်ပါက သက်သေများကို ရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပါဝင်လာစေရန် ကြိုးစားသင့်သည်။

သင်တန်းဆရာအနေဖြင့် ရှေ့နောက်မညီမှုများအားလုံးသည် စိုးရိမ်စရာမဟုတ်ကြောင်း နှင့် အချို့သော ရှေ့နောက်မညီမှုများသည် မျှော်လင့်ထားရမည်ဖြစ်သည် သာမက ဖြစ်စဉ်များကို လူအများမှ မည်သို့ ပြန်သတိရပြီး ဖေါ်ပြပုံနှင့်လည်း ကိုက်ညီကြောင်းကို အလေးထားပြောကြားသင့်သည်။ အမှန်တကယ် နှင့် ထင်ရသော ရှေ့နောက်မညီမှုများသည် များပြားလှသော မတူညီသည့် ယဉ်ကျေးမှုဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လက်တွေ့ နှင့် အခြားအချက်များကြောင့်ဖြစ်နိုင်သည် (ဥပမာ - နားလည်မှုလွဲခြင်း၊ ညံ့ဖျင်းသော အဓိပ္ပါယ်ကောက်ယူမှု၊ အသေးစိတ်အချက်အလက်များကိုမျှဝေရန်ရှက်ရွံ့မှု၊ လက်တုံ့ပြန်မှုကိုကြောက်ရွံ့မှု၊ မိသားစုဝင်များ သို့မဟုတ် ရပ်ရွာလူထုမှ ခြိမ်းခြောက်မှု၊ ဩဇာလွှမ်းမိုးမှု)။ ကျူးလွန်ခံရသူများ/ သက်သေများ အနေဖြင့် ၎င်းတို့ပြန်သတိရသည့်အတိုင်း ၎င်းတို့၏အတွေ့အကြုံများကို မျှဝေနိုင်ရန် သက်တောင့်သက်သာဖြစ် ပြီး၊ ခွန်အားပေးနိုင်သော လုံခြုံစိတ်ချရသည့် နေရာအခင်းအကျင်းတခုကိုဖန်တီးရန်မှာ လက်တွေ့ကျင့်သုံးသူများ၏တာဝန်ဖြစ်သည်။

ကလေးသူငယ်များ၏ ထွက်ဆိုချက်များတွင် ရှေ့နောက်မညီမှုများသည် ကလေးတယောက်၏ အသက် နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် သီခြားဆက်စပ်နေသောအချက်များအပြင်၊ ဤအချက်များထဲမှ တခုခုကြောင့်လည်း ဖြစ်နိုင်သည်။ ကလေးသူငယ်များသည် ယေဘုယျအားဖြင့် ညံ့ဖျင်းစွာတည်ဆောက်ထားသော နိမိတ်ပြမေးခွန်းများ ကို ပိုမိုထိရှလွယ်ပြီး၊ ၎င်းတို့သည် အဖြေကိုမသိသော်လည်း တွေ့ဆုံမေးမြန်းသူ ကျေနပ်စေရန် အတွက် အဖြေတခုကို ပေးကောင်းပေးနိုင်သည်။ ထို့အပြင်၊ ၎င်းတို့ နှင့် အထူးသဖြင့် ကလေးသူငယ်များသည်

ယေဘုယျ သဘောအယူအဆများ (ဥပမာ - ကျူးလွန်သူများ၏ အချိန်များ၊ နေ့စွဲများ၊ အသက်များ၊ ကြိမ်နှုန်း၊ အရွယ်အစား၊ အရပ်၊ အလေးချိန်၊ ဂဏန်းများ) ကို နားလည်ရန်ခက်ခဲပြီး၊ အခြားသူများမှပေးထားသည့် သတင်းအချက်အလက်များနှင့် မကိုက်ညီသော သတင်းအချက်အလက်များကို ပေးခြင်းတို့ဖြစ်စေနိုင်သည်။ ဤ အန္တရာယ်ကိုလျော့နည်းစေသည့်မဟာဗျူဟာများကို အခန်း ၁၆ (ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု) တွင် ထပ်မံဆွေးနွေးထားသည်။

စာရွက်စာတမ်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှင့် ဒီဂျီတယ် သက်သေခံအထောက်အထားကို အကဲဖြတ်ခြင်း သည် ရှုပ်ထွေးနိုင်ပြီး၊ များသောအားဖြင့် မှုခင်းဆေးပညာဆိုင်ရာကျွမ်းကျင်သူများ၏ပါဝင်မှုလိုအပ်သည်။ ထိုကဲ့သို့ ဆိုထားသော်လည်း၊ ကျွမ်းကျင်သူ-မဟုတ်သော လက်တွေ့ကျင့်သုံးသူများအနေဖြင့် တစ်ခါတစ်ရံတွင် ရိုးရှင်းသောမေးခွန်းများကိုဖြေဆိုခြင်း၊ အရင်းအမြစ်၏ယုံကြည်စိတ်ချရမှုကို နှိုင်းယှဉ်ခြင်း နှင့်/ သို့မဟုတ် အကဲဖြတ်ခြင်းအတွက် စာရွက်စာတမ်း အမျိုးအစားတူတခုကိုရယူခြင်းတို့ဖြင့် ၎င်း၏ မှန်ကန်မှုနှင့် ယုံကြည်စိတ်ချရမှုတို့နှင့်ပတ်သက်ပြီး ကနဦး ဆုံးဖြတ်ချက်တခုရရှိရန်အတွက် သက်သေခံအထောက်အထား အပိုင်းအစတခုအား အခြေခံသာမန်အကဲဖြတ်ခြင်းကို ဆောင်ရွက်နိုင်သည်။ သင်တန်းဆရာအနေဖြင့် ထို သက်သေခံအထောက်အထားသည် အစစ်အမှန် ဖြစ်ကောင်းဖြစ်နိုင်သည် (ဥပမာ - စစ်မှန်သော ဆေးပညာ-ဥပဒေဆိုင်ရာအစီရင်ခံစာ) သို့သော် စိတ်မချရကြောင်း (မခိုင်လုံစိတ်မချရသော ဆေးပညာလုပ်ထုံးလုပ်နည်း တခုကို အသုံးပြုလျက် အတွေ့အကြုံမရှိသော ဆေးပညာရှင်မှ ဆောင်ရွက်ခဲ့သည်၊ "သာမန်" ကျူးလွန်ခံရသူ တယောက်မှ ပြုမူပုံနှင့် ပတ်သက်ပြီး ဒဏ္ဍာရီများနှင့် တရားသေအမြင်များဖြင့်ပုံစံသွင်းခြင်းတို့ အပေါ်တွင် အခြေခံပြီး ကျူးလွန်ခံရသူ တဦး၏ခိုင်မာမှုကို အားနည်းစေသည့် အပျက်သဘောဆောင်သော စိတ်ပညာဆိုင်ရာ အကဲဖြတ်ချက်) ကို ပြန်လည်အလေးပေးပြောကြားသင့်သည်။

Slides ၁၅-၁၆ သည် သင့်အနေဖြင့် CARSV ဖြစ်မှု သို့မဟုတ် ချိုးဖောက်မှုတခုအဖြစ် ဖော်ထုတ်သတ်မှတ်ရန် အတွက် ဖြည့်ဆည်းရမည့် ဥပဒေဆိုင်ရာအစိတ်အပိုင်းများဖြင့် စုဆောင်းထားသော သတင်းအချက်အလက် အပိုင်းအစများအားလုံးအား မြေပုံဆွဲခြင်း နှင့် သက်သေခံအထောက်အထားဆိုင်ရာ ကွာခမှုတခုခုကျန်ရှိခြင်းကို ရှောင်ရှားရန်အတွက်လိုအပ်သောသော အပိုဆောင်းသတင်းအချက်အလက် တခုခုကို ဖော်ထုတ်ခြင်းတို့ ပါဝင် သော လုပ်ငန်းစဉ်၏ ဒုတိယအဆင့် ကိုလွှမ်းခြုံထားသည်။ သင်တန်းဆရာ အနေဖြင့် စနစ်တကျ ဖွဲ့စည်းတည်ဆောက်ထားသည့် မူဘောင်တခု နှင့် နည်းစနစ် ကို အသုံးပြုခြင်း၏ အရေးပါပုံကို အလေးထား ပြောကြားသင့်ပြီး၊ ၎င်းတို့ကိုယ်ပိုင် သက်သေခံအထောက်အထား ဇယားကွက်ကို ဖော်ထုတ်ရန်အတွက် သက်သေခံအထောက်အထားမှတ်တမ်းစာအုပ်ကို ပုံစံအနေဖြင့် အသုံးပြုရန် သင်တန်းသားများကို တိုက်တွန်း သင့်သည်။

Slides ၁၇-၂၀ သည် *ဆက်စပ်အတည်ပြုခြင်း* နှင့် *ဆက်စပ်သည့် သတင်းအချက်အလက်များ မှတဆင့်* စုဆောင်းထားသည့် သက်သေခံအထောက်အထားများကို အားကောင်းစေခြင်း ပါဝင်သော လုပ်ငန်းစဉ်၏ တတိယအဆင့်ကို လွှမ်းခြုံထားသည်။ သင်တန်းဆရာ အနေဖြင့် ယခင်ကရှင်းပြခဲ့သည့်အတိုင်း၊

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

*ဆက်စပ်အတည်ပြုခြင်း*သည် နိုင်ငံတကာဥပဒေအောက်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု နှင့် အခြားရာဇဝတ်မှုများ ကို သက်သေပြခြင်းအတွက် ဥပဒေဆိုင်ရာလိုအပ်ချက်တခုမဟုတ်သော်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကို နိုင်ငံတကာရာဇဝတ်မှုတခုအဖြစ် စုံစမ်းစစ်ဆေးနေချိန်တွင်ပင် ပြည်တွင်းလုပ်ထုံးလုပ်နည်း၏စည်းမျဉ်းများ နှင့် သက်သေခံအထောက်အထားတို့တွင် ဆက်စပ်အတည်ပြုခြင်း လိုအပ်နိုင်ကြောင်းကို သင်တန်းသားများအား သတိပေးရမည်။ မည်သို့ပင်ဖြစ်စေ၊ သက်သေခံ အထောက်အထားများ ကို ဆက်စပ်အတည်ပြုခြင်းသည် အမှုတခုအား အားကောင်းစေရန် အမြဲအသုံးဝင်သည်။ ထိုကဲ့သို့ဆိုထားသော်လည်း၊ ကျူးလွန်ခံရသူတဦး၏ထွက်ဆိုချက် ကို ပံ့ပိုးရန်အတွက် မည်သည့်ပုံစံဖြင့်ဖြစ်စေ အပိုဆောင်းသတင်းအချက်အလက်များကို ရှာဖွေခြင်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြင့်စွပ်စွဲမှုများတွင် တခါတရံ စိန်ခေါ်မှုရှိသည်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၏လုပ်ရပ်ကို သင့်အနေဖြင့် ဆက်စပ်အတည်မပြု နိုင်လျှင်ပင်၊ ကျူးလွန်ခံရသူ၏ဖြစ်စဉ်များ ၏ အချိန်၊ တိုက်ခိုက်မှု မခံရခင်နှင့်တိုက်ခိုက်မှုခံရအပြီး ၄င်းတို့၏ လှုပ်ရှားမှုများနှင့်အပြုအမူများကို ဆက်စပ်အတည်ပြုခြင်းသည် ကျူးလွန်ခံရသူ ၏အလုံးစုံခိုင်မာမှုကို တည်ဆောက်ရာတွင် အလွန်အသုံးဝင်နိုင်ကြောင်း ကို သင်တန်းဆရာမှ အလေးထား ပြောကြားသင့်သည်။ သက်သေခံအထောက်အထားကို အကြောင်းအရာအမျိုးမျိုး (ဓလေ့ထုံးစံများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဖေါ်ပြရန် ဘာသာစကားအသုံးပြုမှု၊ ရေငုံနှုတ်ပိတ်နေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း အတွက် ဖြေရှင်းချက်တခုအနေဖြင့် သီးခြားအုပ်စုတခုတွင် အမည်းစက်၏သက်ရောက်မှု)၊ သို့မဟုတ် သီးခြား နောက်ခံ အခြေအနေ၊ နိုင်ငံ၊ သို့မဟုတ် လူဦးရေ တခုကို နားလည်ရာတွင် အထောက်အကူ ဖြစ်စေရန် နိုင်ငံရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ လူမျိုးရေးဆိုင်ရာ၊ တိုင်းရင်းသားဆိုင်ရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ သမိုင်းများ နှင့် ဖေါ်ပြချက်များကိုပေးနိုင်သည့် သက်သေခံအထောက်အထားအခြားပုံစံများ ပေါ်တွင် ခိုင်လုံယုံကြည်လောက် သော ဖြေရှင်းချက် များပေးနိုင်သည့် ကျွမ်းကျင်သူများ၏ထွက်ဆိုချက်များဖြင့်လည်း အားကောင်းစေနိုင်သည်။

အခန်း ၏ နောက်ဆုံးအပိုင်း နှင့် သတင်းအချက်အလက်ကိုသရုပ်ခွဲလေ့လာခြင်းလုပ်ငန်းစဉ်၏ နောက်ဆုံး အဆင့် (slides ၂၁-၂၈) တွင် ရာဇဝတ်မှုများ နှင့် ချိုးဖောက်မှုများ၏ပုံစံများ ကို တည်ဆောက်ရန် ကြိုးစားခြင်း ပါဝင်သည်။ သင်တန်းဆရာအနေဖြင့် သီးခြားဖြစ်စဉ်များအကြားတူညီသော အင်္ဂါရပ်များ သို့မဟုတ် ပုံစံများကို တည်ဆောက်ခြင်းသည် မည်သည့်အတွက်ကြောင်းအရေးပါကြောင်း (ဥပမာ - သီးခြားဧရိယာတခုတွင် SDT testing သို့မဟုတ် မလိုလားအပ်သောကိုယ်ဝန်ရှိခြင်းများမြင့်တက်လာခြင်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပွားနေသည် သို့မဟုတ် ဖြစ်ပွားခဲ့သည်ဟူသော သဲလွန်စတခုဖြစ်နိုင်သည်၊ ကျူးလွန်ခံရသူများ၊ ကျူးလွန်သူများ သို့မဟုတ် လုပ်နည်းလုပ်ဟန်၏ပုံသဏ္ဍာန်လက္ခဏာ တွင် တူညီမှုများသည် ဥပဒေဆိုင်ရာ အစိတ်အပိုင်း အချို့ကို ဖေါ်ထုတ်ရာတွင် အထောက်အကူပြုနိုင်ပြီး၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ရပ် တခုသည် နေရာအနှံ့အပြားတွင် သို့မဟုတ် စနစ်တကျလုပ်ဆောင်သည့်တိုက်ခိုက်မှုတခု၏ တစိတ်တပိုင်း ဖြစ်သည်ကို

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

သက်သေပြနိုင်သည် သို့မဟုတ် လုပ်ရပ် ကို ဝေးလံသောနေရာမှကျူးလွန်သူများနှင့် ချိတ်ဆက်ရာ တွင် အထောက်အကူပြုနိုင်သည်) ကို ဆွေးနွေးရန် နှင့် စဉ်းစားရန် သင်တန်းသားများကို တိုက်တွန်းသင့်သည်။

သင်တန်းဆရာအနေဖြင့် သင်တန်းသားများသည် ပုံစံများ ကို ဖေါ်ထုတ်တည်ဆောက်ရန် နည်းစနစ်များ နှင့် နည်းလမ်းများ (ဥပမာ - ရာဇဝတ်မှုများ/ ချိုးဖောက်မှုများ၏အမျိုးအစားများကိုဖေါ်ထုတ်ခြင်း၊ ရှာဖွေနိုင်သော database၊ ကိန်းဂဏန်းများကိုသရုပ်ခွဲလေ့လာခြင်း နှင့် ပြစ်မှုမြေပုံဆွဲခြင်း) နှင့် အကျွမ်းတဝင်ရှိမရှိ မေးမြန်းရမည်။ အချို့သောနည်းလမ်းများသည် အဆင့်မြင့်နည်းပညာများ (ဥပမာ - အဓမ္မပြုကျင့်မှုများ ဖြစ်ပွားခဲ့သည်ဧရိယာများနှင့် တပ်များ၏လှုပ်ရှားမှုကို မြေပုံပေါ်တွင်ရေးဆွဲရာတွင် အထောက်အကူ ပေးနိုင်သည့် အကွာအဝေးဆိုင်ရာအချက်အလက်များကို ပုံဖေါ်ရန် နှင့် စုစည်းရန်အသုံးပြုသည့် ပထဝီဆိုင်ရာ သတင်းအချက်အလက်စနစ်များ (GIS) နှင့် အခြား ပထဝီအကွာအဝေးဆိုင်ရာ နည်းပညာများ) ကို အသုံးပြုသော်လည်း၊ ဤနည်းပညာများကိုလက်လှမ်းမမီသော မှတ်တမ်းတင်သူများအနေဖြင့် ပုံစံများကို ဖေါ်ထုတ်ရန်အတွက် အခြေခံနည်းလမ်းများနှင့် မေးခွန်းများကို အသုံးပြုနိုင်ကြောင်းကို သင်တန်းဆရာမှ အသားပေးပြောကြားရမည်။ သင်တန်းဆရာမှ သင်တန်းသားများအား သီးခြားနည်းစနစ်များ၊ software များ နှင့် အခြားနည်းလမ်းများအသုံးပြုရာတွင်၎င်းတို့၏အတွေ့အကြုံများ၊ မည်သည်တို့သည်၎င်းတို့အတွက် အသုံးဝင်သည်၊ မည်သည့်လုပ်ဆောင်ချက်များကအထူးသဖြင့်အသုံးဝင်သည် နှင့် မည်သည်တို့ က ဖြစ်နိုင်ခြေရှိသောအားနည်းချက်များဖြစ်သည်ကို ဆွေးနွေးခိုင်းရမည်။ နည်းပညာများတိုးတက်လာသည် နှင့် အမျှ သရုပ်ခွဲနည်းလမ်းအသစ်များကို အဆက်မပြတ် တီထွင်နေကြရာ၊ အုပ်စုအတွင်း ထိုနည်းပညာများကို မျှဝေခြင်းသည် အခန်း ၏ အရေးပါသောအစိတ်အပိုင်းတခုဖြစ်လာနိုင်ပါသည်။

ရာဇဝတ်မှုများ/ ချိုးဖောက်မှုများ၏အမျိုးအစားများကိုဖန်တီးရန်ကြိုးစားမှုတခုအနေဖြင့် သီးခြားဖြစ်စဉ်များ အကြား တူညီသောအင်္ဂါရပ်များကိုရှာဖွေခြင်းအား (၁) ပစ်မှတ်ထားခံရသောကျူးလွန်ခံရသူ၏ ပုံသဏ္ဍာန်လက္ခဏာ၊ သီးခြားပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများကို ပစ်မှတ်ထားသည့် အများပြည်သူဆိုင်ရာ ထုတ်ပြန်ချက်များပြုလုပ်ခဲ့ခြင်းရှိမရှိ၊ သီးခြားပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ (ဥပမာ - လူနည်းစု တိုင်းရင်းသူ အမျိုးသမီးများ၊ လူ့အခွင့်အရေးကာကွယ်သူအမျိုးသမီးများ) အပေါ် ဆန့်ကျင်သည့် ဥပဒေများ သို့ မဟုတ် နိုင်ငံတော် အစီအမံများရှိမရှိ၊ (၂) ကျူးလွန်သူများ၏ပုံသဏ္ဍာန်လက္ခဏာ၊ (၃) ဖြစ်စဉ်အများအပြား တလျှောက်တွင် တိုက်ခိုက်မှု၏ လုပ်နည်းလုပ်ဟန်/ နည်းစနစ်များ (ဥပမာ - အုပ်စုလိုက်အဓမ္မပြုကျင့်ခြင်း၊ လိင်အင်္ဂါဖြတ်တောက်ခြင်း၊ လိင်ကျေးကျွန်ပြုခြင်းကဲ့သို့သော ချိုးဖောက်မှုအမျိုးအစား၊ ချိုးဖေါက်ခံရသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များ၊ ဖြစ်စဉ်များ၏အချိန်နှင့်နေရာများ၊ အိမ်ထောင်မရှိသောအမျိုးသမီး တဦးဖြစ်ခြင်း သို့မဟုတ် ဘာသာရေးနှင့်မသက်ဆိုင်သောကျောင်းတွင် တက်ရောက်နေသည့် မိန်းကလေးတဦး ကဲ့သို့သော မတရားဖိနှိပ်ခံရခြင်းကိုဖြစ်ပေါ်စေသည့်အချက်များနှင့် ပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးအသုံးပြုခြင်း၊ အုပ်စုလိုက် တိုက်ခိုက်မှု များကဲ့သို့သော ယေဘုယျအခြေအနေများ) နှင့် ယခင်က လူသိများသည့် အုပ်စုများ သို့မဟုတ် တပ်ဖွဲ့များက သီးခြားနည်းလမ်းများကိုအသုံးပြုခဲ့ခြင်းရှိမရှိ နှင့် (၄) အချိန် နှင့်နေရာများ တွင် တူညီမှုများတွင် တူညီမှုများကိုရှာဖွေခြင်းဖြင့်လုပ်ဆောင်နိုင်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

ဖြစ်စဉ်များအကြား တူညီသော အင်္ဂါရပ်များကိုရှာဖွေခြင်း အပြင်၊ လက်တွေ့ကျင့်သုံးသူများအနေဖြင့် ရာဇဝတ်မှုပုံစံသရုပ်ခွဲလေ့လာခြင်းကို ဆောင်ရွက်ရန်အတွက် ၎င်းတို့၏သတင်းအချက်အလက်များကို သိမ်းဆည်းရန်နှင့် စုစည်းရန်အတွက် ရှာဖွေနိုင်သော database ကဲ့သို့သော အခြားနည်းစနစ်များကိုလည်း အသုံးပြုနိုင်သည်။ ကိန်းဂဏန်းများကိုသရုပ်ခွဲလေ့လာခြင်း (ဥပမာ - သန်းခေါင်စာရင်း၊ အကျဉ်းထောင်မှတ်တမ်းများ သို့မဟုတ် အခြားတရားဝင်အချက်အလက်များကိုသရုပ်ခွဲလေ့လာခြင်း သို့မဟုတ် ကုသမှုများ၏ အရေအတွက်/ အမျိုးအစား၊ ကျား/မ၊ လူနာ၏အသက်၊ ဒဏ်ရာများ၏အမျိုးအစားတို့နှင့်ပတ်သက်သော ကျန်းမာရေးပညာရှင်များမှသိမ်းဆည်းထားသည့် ကိန်းဂဏန်းမှတ်တမ်းများကိုသရုပ်ခွဲလေ့လာခြင်း) သည် ကျူးလွန်ခံရသူများ၏အရေအတွက်နှင့် ချိုးဖောက်မှုအမျိုးအစား၊ မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ကျူးလွန်ခံရသူများတိုက်ခိုက်ခံရသည်၊ ဖြစ်ပေါ်စေသည့်ဘေး နှင့် ကျူးလွန်ခံရသူများ၏ပုံသဏ္ဌာန်လက္ခဏာ တို့ကိုတိုင်းတာ ရန် အသုံးဝင်သော နည်းလမ်းတခုဖြစ်နိုင်သည်။

© နိုင်ငံတကာ ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈